# TSEZ Community Run 2019

## အပြေးပြိုင်ပွဲ အကြောင်းအရာ

- သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ဇုန်ပတ်ဝန်းကျင်ရှိ ဒေသခံများ ပျော်ရွှင် ကျန်းမာရေးနှင့် အတူတကွ ပူးပေါင်းဆက်ဆံရေး တိုးမြှင့်လာစေရန် ရည်ရွယ်၍ ပထမဆုံး စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။
- ယခုပြိုင်ပွဲတွင် (၁၀) ကီလိုမီတာ ဝါသနာရှင်အဆင့် ပြိုင်ပွဲနှင့် (၅) ကီလိုမီတာ အပျော်တမ်းပြိုင်ပွဲ ဟူ၍ အမျိုးအစား (၂) ခု ပါရှိပြီး နိုင်ငံသားများနှင့် နိုင်ငံခြားသားများပါ ပါဝင်ဆင်နွှဲနိုင်ပါသည်။
- ပါဝင်ယှဉ်ပြိုင်ခြင်းအားဖြင့် ပြိုင်ပွဲဝင်သူများအနေဖြင့် ကိုယ်လက်လေ့ကျင့်ခန်းသည် အပြေးပြိုင်ပွဲတွင် သာမက ကျန်းမာကြံ့ခိုင်သော လူမှုဘဝရရှိစေရန် အရေးပါပုံကို သတိပြုမိလာစေပါမည်။ အပြေးပြိုင်ခြင်းနှင့် အခြား ပျော်ရွှင်ဖွယ် အစီအစဉ်များလည်း ပါဝင်မည် ဖြစ်ပါသည်။

## အပြေးပြိုင်ပွဲ အချက်အလက်

- ကျင်းပမည့်နေ့ရက် = ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်၊ တနင်္ဂနွေနေ့။
- အချိန် = မနက် (၆) နာရီ
- နေရာ = ဇုန် (အေ) ပင်မ ဝင်ပေါက်၊ သီလဝါအထူးစီးပွားရေးဇုန်။

## ချီးမြှင့်မည့် ဆုများ

| | (၁၀) ကီလိုမီတာ မြန်မာနိုင်ငံသား (အမျိုးသား/အမျိုးသမီး) | (၁၀) ကီလိုမီတာ နိုင်ငံခြားသား (အမျိုးသား/အမျိုးသမီး) | (၅) ကီလိုမီတာ မြန်မာနိုင်ငံသား (အမျိုးသား/အမျိုးသမီး) | (၅) ကီလိုမီတာ နိုင်ငံခြားသား (အမျိုးသား/အမျိုးသမီး) |
|---|---|---|---|---|
| ပထမ | ပထမဆုတံဆိပ်နှင့် ကျပ်ငွေ (၅) သိန်း တန်ဖိုးရှိ လက်ဆောင်ဆု | ပထမဆုတံဆိပ်နှင့် အမှတ်တရ လက်ဆောင် | ပထမဆုတံဆိပ်နှင့် ကျပ်ငွေ (၃) သိန်း တန်ဖိုးရှိ လက်ဆောင်ဆု | ပထမဆုတံဆိပ်နှင့် အမှတ်တရ လက်ဆောင် |
| ဒုတိယ | ဒုတိယဆုတံဆိပ်နှင့် ကျပ်ငွေ (၃) သိန်း တန်ဖိုးရှိ လက်ဆောင်ဆု | ဒုတိယဆုတံဆိပ်နှင့် အမှတ်တရ လက်ဆောင် | ဒုတိယဆုတံဆိပ်နှင့် ကျပ်ငွေ (၂) သိန်း တန်ဖိုးရှိ လက်ဆောင်ဆု | ဒုတိယဆုတံဆိပ်နှင့် အမှတ်တရ လက်ဆောင် |
| တတိယ | တတိယဆုတံဆိပ်နှင့် ကျပ်ငွေ (၂) တန်ဖိုးရှိ လက်ဆောင်ဆု | တတိယဆုတံဆိပ်နှင့် အမှတ်တရ လက်ဆောင် | တတိယဆုတံဆိပ်နှင့် ကျပ်ငွေ (၁) သိန်း တန်ဖိုးရှိ လက်ဆောင်ဆု | တတိယဆုတံဆိပ်နှင့် အမှတ်တရ လက်ဆောင် |
| နှစ်သိမ့် ၁ | ကျပ်ငွေ (၁) သိန်း တန်ဖိုးရှိ လက်ဆောင်ဆု | အမှတ်တရ လက်ဆောင်ဆု | ကျပ်ငွေ (၇၅,၀၀၀) တန်ဖိုးရှိ လက်ဆောင်ဆု | အမှတ်တရ လက်ဆောင်ဆု |
| နှစ်သိမ့် ၂ | ကျပ်ငွေ (၇၅,၀၀၀) တန်ဖိုးရှိ လက်ဆောင်ဆု | အမှတ်တရ လက်ဆောင်ဆု | ကျပ်ငွေ (၅၀,၀၀၀) တန်ဖိုးရှိ လက်ဆောင်ဆု | အမှတ်တရ လက်ဆောင်ဆု |

# ပြိုင်ပွဲ စည်းမျဉ်းနှင့် စည်းကမ်းများ

## ပြိုင်ပွဲဝင်ကြေး

၁။ ပြိုင်ပွဲဝင်ကြေးသည် တစ်ဦးလျှင် (၂၀၀၀) ကျပ် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ကြေးအား ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာနှင့်အတူ တစ်ပါတည်း ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ Online မှ တစ်ဆင့် စာရင်းသွင်းလိုပါက Myanmar Japan Thilawa Development Ltd. CB Bank Account No. 0106100500000035 သို့ ပေးသွင်းနိုင်ပါသည်။

## ပြိုင်ပွဲဝင်ရန် စာရင်းသွင်းခြင်း

၁။ ပြိုင်ပွဲဝင်လိုသူများသည် သတ်မှတ်ထားသော ပြိုင်ပွဲဝင်ပုံစံများကို မြန်မာ- ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်စ် (MJTD) ရုံး၊ ရွှေပြည်သာယာ၊ အေးမြသီတာ၊ သီတာမြိုင်၊ ရွှေပျောက်၊ အလွမ်းဆွတ်၊ လက်ယက်စမ်း၊ ဘုရားကုန်း - ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် လည်းကောင်း၊ MJTD website: https://www.mjtd.com.mm/ မှ တစ်ဆင့် လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။

၂။ Online မှ စာရင်းပေးသွင်းလိုပါက MJTD website: https://www.mjtd.com.mm/ နှင့် Facebook မှ ပြိုင်ပွဲဝင် လျှောက်လွှာပုံစံကို download ပြီး အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်၍၊ communityrelation@mjtd.com.mm သို့ ပြိုင်ပွဲဝင်ကြေး ဘဏ်လွှဲပြီးကြောင်း အထောက်အထားနှင့်အတူ ပြန်လည် ပေးပို့ရမည်ဖြစ်သည်။ (တာဝန်ရှိသူများမှ လက်ခံရရှိကြောင်း အကြောင်း ပြန်ကြား ပေးမည်ဖြစ်ပါသည်)

၃။ သက်ဆိုင်ရာ ရုံးများတွင် လာရောက်စာရင်းသွင်းသော ပြိုင်ပွဲဝင်များအနေဖြင့် သတ်မှတ်ထားသော အချက်အလက်များ အားလုံးကို ပြည့်စုံစွာ ဖြည့်စွက်ရမည် ဖြစ်ပါသည်။ အခြားမည်သည့် ပုံစံများကို လက်ခံမည်မဟုတ်ပါ။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော ပြိုင်ပွဲဝင်ပုံစံများနှင့် ပတ်သက်သည့် မည်သည့် အငြင်းပွားမှုများကို မဆို ပြိုင်ပွဲစီစဉ်သူများမှ လက်ခံမည်မဟုတ်ပါ။

၅။ ပြိုင်ပွဲစီစဉ်သူအနေဖြင့် လျှောက်လွှာတင်ထားသော ပြိုင်ပွဲဝင်များကို ငြင်းပယ်ပိုင်ခွင့်၊ ကန့်သတ်ပိုင်ခွင့် ရှိပါသည်။

၆။ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံတွင် တိကျပြည့်စုံသည့် အချက်အလက်များကို ဖြည့်စွက်ပေးရပါမည်။ ပြိုင်ပွဲစီစဉ်သူအနေဖြင့် အကြောင်းတစ်စုံတစ်ရာရှိခဲ့ပါက ပြိုင်ပွဲဝင်များအား ဖုန်း/ အီးမေးလ် မှတစ်ဆင့် ဆက်သွယ်ပေးမည်ဖြစ်ပါသည်။

၇။ စာရင်းပေးသွင်းပြီးသော အချက်အလက်များကို မည်သည့် အကြောင်းနှင့်မဆို ပြန်လည်ပြင်ဆင်ခွင့် ပေးမည်မဟုတ်ပါ။ (ချွင်းချက်အားဖြင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပြင်ဆင်နိုင်သည်)

၈။ လူဦးရေ ကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့်သာ လျှောက်လွှာများကို လက်ခံနိုင်မည် ဖြစ်ပါသည်။

၉။ ပြိုင်ပွဲဝင်တစ်ဦးလျှင် အမျိုးအစားတစ်ခုကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

## ပြိုင်ပွဲဝင် အသက်ကန့်သတ်ချက်များ

၁။ ပြိုင်ပွဲဝင်များအနေဖြင့် (၁၀) ကီလိုမီတာ ဝါသနာရှင်အဆင့်ပြိုင်ပွဲအတွက် ပြိုင်ပွဲနေ့တွင် အသက် (၁၆) နှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး (၅) ကီလိုမီတာ အပျော်တမ်းပြိုင်ပွဲအတွက် အသက် (၁၂) နှစ်နှင့် အထက် ရှိရပါမည်။

၂။ အသက် (၁၈) နှစ်အောက် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲလျှောက်လွှာတွင် မိဘ/အုပ်ထိန်းသူ၏ သဘောတူညီချက် လက်မှတ် ပါရှိရပါမည်။

## ပြိုင်ပွဲအမျိုးအစား၊ တာထွက်ချိန်နှင့် စုစုပေါင်း အပြေးကြာချိန် ကန့်သတ်ချက်များ

| ပြိုင်ပွဲအမျိုးအစား | တာထွက်ချိန် | စုစုပေါင်း အပြေးကြာချိန် |
|---|---|---|
| (၁၀) ကီလိုမီတာ | မနက် (၆း၁၅) နာရီ | စတင် တာထွက်ချိန်မှ ၂ နာရီ ၃၀ မိနစ် |
| (၅) ကီလိုမီတာ | မနက် (၆း၄၅) နာရီ | စတင် တာထွက်ချိန်မှ ၁ နာရီ ၁၅ မိနစ် |

## ပြိုင်ပွဲဝင် ပစ္စည်းများ

၁။ စာရင်းသွင်းပြီး ပြိုင်ပွဲဝင်များအားလုံးကို အောက်ပါပြိုင်ပွဲဝင်ပစ္စည်းများ ပေးအပ်ပါမည်။

(က) ပြိုင်ပွဲဝင် အင်္ကျီနှင့် ကိုယ်ပိုင်နံပါတ်ပြား

(ခ) ပြိုင်ပွဲဆိုင်ရာ အချက်အလက်များ

(ဂ) လက်ဆောင်ပစ္စည်းများ

(ဃ) သတ်မှတ်ထားသည့် အချိန်အတွင်း ပန်းဝင်ပါက ပန်းဝင်ဆုံပြားများ

## ပြိုင်ပွဲဝင် ပစ္စည်းများ ထုတ်ယူခြင်း

၁။ ပြိုင်ပွဲဝင်များအားလုံးသည် ပြိုင်ပွဲဝင် ပစ္စည်းများကို သတ်မှတ်ထားသည့် နေ့ရက်တွင် လာရောက် ထုတ်ယူရမည်ဖြစ်သည်။ လာရောက်ထုတ်ယူရာတွင် မှတ်ပုံတင်အထောက်အထားနှင့် လက်ခံဖြတ်ပိုင်း တို့ဖြင့် မြန်မာ- ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်စ် (MJTD) ရုံး၊ ရွှေပြည်သာယာ၊ အေးမြသီတာ၊ သီတာမြိုင်၊ ရွှေပျောက်၊ အလွမ်းဆွတ်၊ လက်ယက်စမ်း၊ ဘုရားကုန်း - ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးများတွင် လည်းကောင်း လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။ အထောက်အထား ခိုင်လုံစွာ မပါရှိပါက ပစ္စည်းထုတ်ပေးမည် မဟုတ်ပါ။ (သက်ဆိုင်ရာနေရာများ၌ ထုတ်ယူရန် နေ့ရက်နှင့် အချိန်အား ထပ်မံကြေညာပါမည်)

၂။ သတ်မှတ်ထားသည့် နေ့ရက်များတွင် မပျက်မကွက် လာရောက်ထုတ်ယူရန်သည် ပြိုင်ပွဲဝင်သူ၏ တာဝန်ဖြစ်ပါသည်။ လာရောက်ထုတ်ယူခြင်းမရှိပါက ပြိုင်ပွဲဝင်လိုခြင်းမရှိဟု သတ်မှတ်မည်ဖြစ်ပါသည်။

၃။ ONLINE မှ စာရင်းပေးသွင်းထားသူများနှင့် အပြည်ပြည်ဆိုင်ရာမှ ပြိုင်ပွဲဝင်များ အနေဖြင့် ပြိုင်ပွဲဝင် ပစ္စည်းများကို ပြိုင်ပွဲနေ့တွင် မနက် (၅) နာရီမှ (၆) နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ မနက် (၆) နာရီနောက်ပိုင်းတွင် ပြိုင်ပွဲဝင်ပစ္စည်းများ ထုတ်ပေးခြင်းကို ပြုလုပ်မည်မဟုတ်ပါ။

## ပြိုင်ပွဲနေ့ရက်

### အထွေထွေ

၁။ စာရင်းပေးသွင်းပြီးသည့် ပြိုင်ပွဲဝင် အပြေးသမားများသည် မိမိတို့ ယူဆောင်လာသည့် ပစ္စည်းများနှင့် အားကစားဆိုင်ရာ ပစ္စည်းများအတွက် တာဝန်ယူထိန်းသိမ်းရန် ကိုယ်တိုင် တာဝန်ရှိပါသည်။

၂။ ပြိုင်ပွဲဝင်များ၏ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီး ဆုံးရှုံးမှုများ၊ ပျောက်ဆုံးမှုများအတွက် တာဝန်မရှိပါ။ ပစ္စည်းအပ်နှံရန် နေရာသို့ လာရောက်အပ်နှံထားသော ပစ္စည်းများအား လုံခြုံရေးအရ စစ်ဆေးရှာ ဖွေခွင့်ရှိရပါမည်။

၃။ လက်ခံစာရင်းပေးသွင်းထားပြီး အပြေးပြိုင်ပွဲဝင် ကိုယ်ပိုင်နံပါတ်များ ထင်ရှားစွာ ဝတ်ဆင်ထားသော အပြေးသမားများကိုသာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ အပြေးပြိုင်ပွဲဝင် ကိုယ်ပိုင်နံပါတ်များကို ပြိုင်ပွဲအကျျ၏ ရှေ့ဘက်အလယ်တွင် သေချာတပ်ဆင် ထားရမည်ဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက်လုံး တပ်ဆင်ထားရမည်ဖြစ်ပါသည်။ ကိုယ်ပိုင်နံပါတ်များတွင် စတစ်ကာများကပ်ခြင်း၊ ရေးခြစ်ခြင်းနှင့် အမှတ်အသားများ ပြုလုပ်ခြင်းကို မပြုလုပ်ရပါ။

၅။ အပြေးစံချိန်များနှင့် ပြေးချိန်များကို အား/ကာ ဦးစီးဌာနမှ တာဝန်ကျ အချိန်မှတ်ဒိုင်များနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်များက စနစ်တကျ မှတ်သားထားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များအားလုံး၏ ပြေးချိန်များကို ထုတ်ပြန်ကြေညာမည် မဟုတ်ပါ။

၆။ သတ်မှတ်ထားသည့် ပြေးလမ်းကြောင်းများအတိုင်း မပြေးသော (သို့မဟုတ်) သတ်မှတ်ထားသည့် စစ်ဆေးမည့် နေရာများသို့ မရောက်ရှိသော (သို့မဟုတ်) အချိန်မှတ် ဒိုင်များဆီသို့ မဖြတ်သော မည်သည့် ပြိုင်ပွဲဝင်မဆို ပန်းဝင်ဆု ပေးအပ်ခြင်း ပြုမည်မဟုတ်ပါ။

၇။ တာထွက်သည့်အခါ မိမိတို့ သတ်မှတ်ထားသည့် စံချိန်အတိုင်း ပြေးကြရန် အထူးတိုက်တွန်းပါသည်။ စတင် စတင် တာထွက်ရန် နေရာယူသည့်အခါ အပြေးနှုန်းမြန်သည့် ပြိုင်ပွဲဝင်များသည် အရှေ့တွင် နေရာယူကြပြီး အပြေးနှုန်းနှေးသည့် ပြိုင်ပွဲဝင်များသည် နောက်တွင် နေရာယူသင့်ပါသည်။

၈။ စာရင်းပေးသွင်းပြီးသည့် ပြိုင်ပွဲဝင် အပြေးသမားများသည် သတ်မှတ်ထားသည့် တာထွက်ချိန်ထက် (၁၅) မိနစ် နောက်ကျ ကျော်လွန်နေလျှင် အလိုအလျောက် ပြိုင်ပွဲမှ နုတ်ထွက်ပြီး ဖြစ်သည်။

၉။ တရားဝင် ခွင့်ပြုထားသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ယာဉ်များ၊ ကြီးကြပ်ရေးယဉ်များမှ အပ အခြားမည်သည့် စက်တပ်ယာဉ်၊ စကိတ်၊ ဘီးတပ် (သို့) အထောက်အကူပြု ပစ္စည်းများကို သုံးစွဲခြင်းမှ တားမြစ်ပါသည်။

၁၀။ ပြိုင်ပွဲတာဝန်ရှိသူများမှ ပြိုင်ပွဲဝင်တစ်ဦးဦးသည် ပြိုင်ပွဲဝင်ရန် မသင့်တော်သည့် အခြေအနေမျိုးတွင် ပြိုင်ပွဲဝင်နှင့် အခြားသူများ ထိခိုက်ဒဏ်ရာနှင့် အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေရန်အတွက် ပြိုင်ပွဲတွင် ဆက်လက်ပါဝင်ခြင်းကို တားမြစ်ပိုင်ခွင့်ရှိပါသည်။

၁၁။ ပြိုင်ပွဲစီစဉ်သူအနေဖြင့် ပြေးလမ်းကြောင်းများကို လုံခြုံရေးအခြေအနေအရသော်လည်းကောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း ပြောင်းလဲရန် ဖြစ်လာပါက ပြေးလမ်းကြောင်းများကို ပြောင်းလဲပိုင်ခွင့်ရှိပါသည်။

၁၂။ ပြိုင်ပွဲစီစဉ်သူအနေဖြင့် ရာသီဥတုအခြေအနေအရ ပြိုင်ပွဲ စတင်ရန် အချိန်နောက်ကျခြင်း၊ ပြိုင်ပွဲ အချိန်ရွှေ့ဆိုင်းခြင်းနှင့် ပြိုင်ပွဲကျင်းပရန် ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၁၃။ ပြိုင်ပွဲဝင်များအနေဖြင့် ကိုယ်တိုင် မှန်ကန်စွာပြေးခြင်း မဟုတ်ဘဲ အကူအညီတစ်စုံတစ်ခုဖြင့် ပန်းဝင်လာပါက အကျုံးဝင်မည်မဟုတ်ပါ။ ပန်းဝင်လာသည့် ပြိုင်ပွဲဝင်များနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက စာဖြင့် ရေးသားကန့်ကွက်နိုင်ပါသည်။ ထိုမှတစ်ပါး အခြားမည်သည့် နည်းလမ်းဖြင့် ကန့်ကွက်ခြင်းကို လက်ခံနိုင်မည်မဟုတ်ပါ။ ယင်းကိစ္စများအတွက် ပြိုင်ပွဲစီစဉ်သူများ၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၁၄။ ပြိုင်ပွဲဝင်များအနေဖြင့် သက်ဆိုင်ရာ အပြေးစံချိန်များအလိုက် နောက်ဆုံးပန်းဝင်ရမည့် အချိန်အတွင်း ပန်းဝင်အောင် ပြေးကြရပါမည်။ သတ်မှတ်ထားသည့် နောက်ဆုံး ပန်းဝင်ရန် အချိန်ထက် ကျော်လွန်ပါက ပန်းဝင်ဆုများ ပေးအပ်မည်မဟုတ်ပါ။ သတ်မှတ်ထားသည့် အချိန်ကျော်လွန်ပါက ပြိုင်ပွဲစီစဉ်သူအနေဖြင့် စောင့်ရှောက်မှု ပေးနိုင်ရန် တာဝန်ခံနိုင်မည်မဟုတ်ပါ။

(၁၀) ကီလိုမီတာ ပြိုင်ပွဲအတွက် နောက်ဆုံးပန်းဝင်ရမည့်အချိန် = မနက် (၈း၄၅) မိနစ်/ (ပြေးချိန် (၂း၃၀) မိနစ်)

(၅) ကီလိုမီတာ ပြိုင်ပွဲအတွက် နောက်ဆုံးပန်းဝင်ရမည့်အချိန် = မနက် (၈း၀၀) မိနစ်/ (ပြေးချိန် (၁း၁၅) မိနစ်)

(ပြိုင်ပွဲဝင်များ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ဖြစ်ပါသည်)

## တားမြစ်ဆေးဝါးများ သုံးစွဲမှုကို စစ်ဆေးခြင်း

၁။ ပြိုင်ပွဲစီစဉ်သူအနေဖြင့် လိုအပ်ပါက ဆုရရှိသည့် ပြိုင်ပွဲဝင်များကို တားမြစ်ဆေးဝါးများ သုံးစွဲခြင်းရှိ,မရှိကို အမျိုးသား ကျန်းမာရေး ဓာတ်ခွဲဌာန (သို့မဟုတ်) ပုဂ္ဂလိက ဓာတ်ခွဲခန်းများတွင် စစ်ဆေးခြင်း အား ပြုလုပ်နိုင်ခွင့်ရှိပါသည်။ သုံးစွဲခြင်းအား စစ်ဆေးတွေ့ရှိပါက အရည်အချင်း မပြည့်စုံသည်ဟု သတ်မှတ်ခံရမည် ဖြစ်ပြီး နောက်နောင် ပြိုင်ပွဲများတွင်လည်း ပါဝင်ခွင့်ကို တားမြစ်မည် ဖြစ်ပါသည်။

၂။ ဆုရရှိသော ပြိုင်ပွဲဝင်များအနေဖြင့် တားမြစ်ဆေးဝါးများကို သုံးစွဲခြင်းမပြုသည့်တိုင်အောင် လက်ဝယ်ကိုင်ဆောင်ထားခြင်း တွေ့ရှိပါက ပြိုင်ပွဲမှ အရည်အချင်း မပြည့်စုံသည်ဟု သတ်မှတ်ခံရပါမည်။

၃။ ပြိုင်ပွဲဝင်များအနေဖြင့် တားမြစ်ဆေးဝါးများကို ကျန်းမာရေးအရ သောက်သုံးနေရလျှင် သက်ဆိုင်ရာ ဆေးကုသမှုဆိုင်ရာ မှတ်တမ်းအထောက်အထားများကို ပြိုင်ပွဲစီစဉ်သူများထံ ကြိုတင် အကြောင်းကြားရပါမည်။

၄။ ဆုရရှိသော ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲစီစဉ်သူ၏ စစ်ဆေးမှုအား ငြင်းပယ်ခြင်း၊ လက်ခံခြင်း မပြုပါက အလိုအလျောက် အရည်အချင်းမပြည့်စုံသည်ဟု သတ်မှတ်ခံရပါမည် ဖြစ်ပြီး နောက်နောင် ပြိုင်ပွဲများတွင် ပါဝင်ခွင့်ကို တားမြစ်မည် ဖြစ်ပါသည်။

## ဆုချီးမြှင့်ခြင်း

၁။ ပြိုင်ပွဲဝင်များအား သတ်မှတ်ထားသည့် ပြေးပွဲအမျိုးအစားအလိုက်သာ သတ်မှတ်ထားသည့် ဆုများကို ချီးမြှင့်ပါမည်။

၂။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ပြေးပွဲအမျိုးအစားအလိုက် ဆုတစ်ခုသာ ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ ပြိုင်ပွဲအမျိုးအစားအချင်းချင်း ဆုပစ္စည်းများ လဲလှယ်ခွင့်မပြုပါ။ ဒေသခံများအား အထောက်အကူပြုရန် ဦးတည်ကျင်းပခြင်းဖြစ်သည့်အတွက် သတ်မှတ်ထားသော ငွေသားတန်ဖိုးနှင့် ညီမျှသည့် လက်ဆောင်ဆုသည် မြန်မာနိုင်ငံသားများအတွက်သာ ချီးမြှင့်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာမှ ဆုရရှိသူများကို ချီးမြှင့်မည် မဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာမှ ဆုရရှိသူများအတွက် သက်ဆိုင်ရာ ဆုတံဆိပ်များနှင့် လက်ဆောင်ပစ္စည်းများကိုသာ ချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၄။ ပြေးပွဲအမျိုးအစားအလိုက် ဆုရရှိသူများသည် သက်ဆိုင်ရာ ပြိုင်ပွဲဝင်၏ တာထွက်ချိန်နှင့် ပန်းဝင်ချိန်တို့နှင့်သာ သက်ဆိုင်ပါသည်။

၅။ သတ်မှတ်ထားသော ငွေသားတန်ဖိုးနှင့် ညီမျှသည့် လက်ဆောင်ဆုများကို ဆုချီးမြှင့်ခြင်း အခမ်းအနားအပြီးတွင် ဆုပစ္စည်းထုတ်ပေးသည့် နေရာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၆။ ဆုပစ္စည်းများသည် ပြိုင်ပွဲစီစဉ်သူများ ပေးအပ်ချီးမြှင့်သည့် အတိုင်းသာ ဖြစ်ပါသည်။ ငွေသားဖြင့် လဲလှယ်ပေးမည်မဟုတ်ပါ။

၇။ ဆုရရှိသူများနှင့် စပ်လျဥ်း၍ ကန့်ကွက်လိုပါက ဆုချီးမြှင့်ပေးအပ်ပြီး (၁၀) မိနစ်အတွင်း အထောက်အထားဖြင့် လာရောက်ကန့်ကွက်ရပါမည်။

၈။ ပြိုင်ပွဲစီစဉ်သူများအနေဖြင့် စည်းမျဉ်း စည်းကမ်း ချိုးဖောက်သည်ဟု တွေ့ရှိရသော ဆုရရှိသူများကို ပယ်ဖျက်ကာ အစားထိုးပေးအပ်နိုင်ပါသည်။

## ပန်းဝင်အပြေးသမားများအတွက် ဂုဏ်ပြုဆု

၁။ ပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်ထားသော ပြေးချိန်အတွင်း ပန်းဝင်နိုင်သည့် ပြိုင်ပွဲဝင်များအားလုံး အတွက် ပန်းဝင် ဂုဏ်ပြုဆွဲပြားများ ပေးအပ်မည် ဖြစ်ပါသည်။

၂။ ပန်းဝင် ဂုဏ်ပြုဆွဲပြားများကို ပြိုင်ပွဲနေ့ သတ်မှတ်ထားသည့်အချိန်အတွင်း ပန်းဝင်နေရာတွင်သာ ပေးအပ်ပါမည်။

၃။ သတ်မှတ်ထားသည့် ပြေးချိန်အတွင်း ပန်းဝင်နိုင်ခြင်းမရှိသော မည်သည့် ပြိုင်ပွဲဝင်ကိုမဆို ပန်းဝင် ဂုဏ်ပြုဆွဲပြားများ ထုတ်ပေးမည်မဟုတ်ပါ။

## ပြိုင်ပွဲစာရင်းပေးသွင်းခြင်းမှ ပယ်ဖျက်ခြင်း

၁။ စာရင်းပေးသွင်းထားသည့် ပြိုင်ပွဲဝင်များအားလုံးကို ပြိုင်ပွဲနေ့တွင် လာရောက်ပါဝင်မည်ဟု သတ်မှတ်ပါသည်။

၂။ စာရင်းပေးသွင်းထားသော ပြိုင်ပွဲဝင်များသည် စာရင်းသွင်း ကိုယ်ပိုင်အမှတ်စဉ်များကို အခြားသူများသို့ လွှဲပြောင်းခြင်း မပြုရပါ။

၃။ စာရင်းသွင်းပြီးသည့်အခါ စာရင်းပေးသွင်းစဉ်က ပြိုင်ပွဲအမျိုးအစားအတိုင်းသာ ပါဝင်ယှဉ်ပြိုင်ရပါမည်။

၄။ ပြိုင်ပွဲဝင်ပစ္စည်းများ လာရောက်ထုတ်ယူပြီး ပြိုင်ပွဲတွင် လာရောက်ပါဝင်ခြင်း မရှိသည့် ပြိုင်ပွဲဝင်များအား နောက်နောင် ပြိုင်ပွဲများတွင် ပါဝင်ခွင့်အား တားမြစ်ပိုင်ခွင့်ရှိပါသည်။

၅။ ဒေသခံများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်မှု မြှင့်တင်နိုင်ရန် စီစဉ်ကျင်းပသည့် ပြိုင်ပွဲဖြစ်သည့်အတွက် စာရင်း ပေးသွင်းပြီးသည့်နောက် ပါဝင်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ပြိုင်ပွဲစီစဉ်သူများထံ ကြိုတင် အကြောင်းကြားပေးခြင်းဖြင့် အခြားသူများကို ပါဝင်နိုင်မည့် အခွင့်အရေး ပေးနိုင်မည် ဖြစ်ပါသည်။ (လူဦးရေ ကန့်သတ်ထားပါသဖြင့် အမှန်တကယ် ပါဝင်နိုင်မှသာ စာရင်းပေးသွင်းကြခြင်းဖြင့် အခြားပြိုင်ပွဲဝင်လိုသူများကို အခွင့်အရေးပေး/ အကူအညီပေးရာ ရောက်ပါသည်။)

## အထွေထွေ

၁။ TSEZ Community Run 2019 ပြိုင်ပွဲစီစဉ်သူအနေဖြင့် ပြိုင်ပွဲဝင်များအား ပေးအပ်သည့် လက်ဆောင်ပစ္စည်းများ၊ ကုန်ပစ္စည်း နမူနာများနှင့် ပတ်သက်၍သော် လည်းကောင်း၊ အခြား ဝန်ဆောင်မှုဆိုင်ရာများတွင် လည်းကောင်း လိုအပ်ချက်များအတွက် ဖြေရှင်းဆောင်ရွက်ရန် တာဝန်မရှိဟု ယူဆပါသည်။ ပြိုင်ပွဲစီစဉ်သူများသည် ပြိုင်ပွဲတွင် ပေးအပ်သည့် လက်ဆောင်ပစ္စည်းများ၏ အရောင်းကိုယ်စားလှယ် (သို့မဟုတ်) ဖြန့်ဝေသူများ၊ ကြော်ငြာပေးသူများ မဟုတ်ပါ။ ဝန်ဆောင်မှုများနှင့် လက်ဆောင်ပစ္စည်းများအတွက် တစ်စုံတစ်ရာ အငြင်းပွားမှုများသည် သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများနှင့်သာ ဖြေရှင်းရန် ဖြစ်ပါသည်။

၂။ TSEZ Community Run 2019 ပြိုင်ပွဲစီစဉ်သူအနေဖြင့် ပြိုင်ပွဲဝင်များ အနာတရ ထိခိုက်ဒဏ်ရာများ ရရှိမှုနှင့် ပတ်သက်၍သော်လည်းကောင်း၊ ပြိုင်ပွဲဝင်များ၏ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီး ပျောက်ဆုံးမှုများနှင့် ပတ်သက်၍ သော်လည်းကောင်း မည်သည့် တာဝန်မှ မရှိသည်ကို သိစေအပ်ပါသည်။ (မတော်တဆ ထိခိုက်ဒဏ်ရာများအတွက် ရှေးဦး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ထားပါသည်)

၃။ TSEZ Community Run 2019 ပြိုင်ပွဲစီစဉ်သူအနေဖြင့် ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဓာတ်ပုံများ၊ လှုပ်ရှားမှုပုံရိပ်မှတ်တမ်းများ၊ အသံဆိုင်ရာ မှတ်တမ်းများနှင့် အခြား ရုပ်သံမှတ်တမ်းများအတွက် မူပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိပါသည်။ ပြိုင်ပွဲနှင့် ဆက်စပ်သော အရာအားလုံးအတွက် တစ်ဦးတည်း မူပိုင်ခွင့်ကို TSEZ Community Run 2019 ပြိုင်ပွဲစီစဉ်သူကသာ ပိုင်ဆိုင်သည်ဖြစ်ပါသည်။

## ဆက်သွယ်ရန်

လူမှုဆက်ဆံရေးဌာန

မြန်မာဂျပန်သီလဝါဒီဗလော့မန့်လိမိတက် (MJTD)

သီလဝါအထူးစီးပွားရေးဇုန်

ဖုန်း - ၀၉ - ၈၉၄၅၁၀၉၁၁၊ ၀၁ - ၂၃၀၉၀၂၇-၃၀

Email: communityrelation@mjtd.com.mm

Web: www.mjtd.com.mm